OECD MasterClass
Risk-Based Due Diligence for RBC Asia

# အခြေခံအချက်များ- အလေးထားစိစစ်ဆောင်ရွက်မှု၏ လက္ခဏာများ

## အလေးထားစိစစ်ဆောင်ရွက်ခြင်းသည် တားဆီးကာကွယ်ခြင်းပင် ဖြစ်သည်။

အလေးထားစိစစ်ရေး၏ ပထမဦးဆုံး ရည်ရွယ်ချက်မှာ အများပြည်သူ၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အသိုက်အဝန်းတို့အပေါ် ဆိုးကျိုးရိုက်ခတ်မှု များ ဖြစ်ပွားစေခြင်း သို့မဟုတ် ဖြစ်ပွားမှုကို ပံ့ပိုးခြင်း တို့ကို ရှောင်လွှဲရန် ဖြစ်သကဲ့သို့၊ စီးပွားဆက်ဆံဆောင်ရွက်သည့်လုပ်ငန်းများမှတဆင့် လုပ်ငန်းလည်ပတ်မှုများ ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဆက်နွှယ် သည့် ဆိုးကျိုးရိုက်ခတ်မှုများကို တားဆီးရေး ကြိုးပမ်းရန် ဖြစ်သည်။ ဆိုးကျိုးရိုက်ခတ်မှု များကို မရှောင်လွှဲနိုင်သည့်အခါတွင်၊ စီးပွားရေးလုပ်ငန်းများက အလေးထားစိစစ်ဆောင်ရွက်ခြင်း ဖြင့် ထိုရိုက်ခတ်မှုများ လျှော့ချရန်၊ ထပ်မံမဖြစ်ပွားရေး တားဆီးဆောင်ရွက်ရန် နှင့် သက်ဆိုင်သည့် အခြေအနေများတွင် ကုစားပေး ရန် လုပ်နိုင်စွမ်းရှိသင့်သည်။

## အလေးထားစိစစ်ဆောင်ရွက်မှု တွင် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ဦးတည်ချက်များ ပါဝင်သည်။

နိုင်ငံပေါင်းစုံလုပ်ငန်းကြီးများအတွက် အိုအီးစီဒီ လမ်းညွှန်ချက်များ(MNEs) အရ အလေးထားစိစစ်ဆောင်ရွက်မှု ၏ အခြေခံ သဘောတရားမှာ ဆိုးကျိုးရိုက်ခတ်မှုများ၊ ဖော်ထုတ်ရန်၊ တားဆီးကာကွယ်ရန်၊ လျော့ကျစေရန်၊ အကောင်အထည်ဖော်မှု နှင့် ရလဒ်များကို မပြတ်စောင့်ကြည့်ရန်နှင့် စီးပွားရေးလုပ်ငန်းက မိမိတို့၏ လုပ်ငန်းလည်ပတ်မှုတွင်လည်းကောင်း၊ ၊ ၎င်းတို့၏ ကုန်ထုတ်လုပ်ဖြန့်ချိမှု ကွင်းဆက်လုပ်ငန်း များနှင့် အခြား စီးပွားဆက်ဆံဆောင်ရွက်ရသည့်လုပ်ငန်းများ တွင် လည်းကောင်း၊ ဆိုးကျိုးရိုက်ခတ်မှု များကို မည်သို့ ကိုင်တွယ်ဖြေရှင်းသည်ကို ဆက်သွယ်ပြောဆိုရန် တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက် ရသည့် လုပ်ငန်းစဉ်များ ပါဝင်သည်။ အလေးထားစိစစ်ဆောင်ရွက်မှု သည် လုပ်ငန်းတစ်ခု ၏ အဆုံးအဖြတ်ပေးခြင်း၊ အန္တရာယ်စီမံခန့်ခွဲခြင်းတို့၏ အခရာကျသော အပိုင်းတစ်ခု ဖြစ်သင့်သည်။ ထို့အတွက်၊ ၎င်းကို သမားရိုးကျ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များဖြစ်သော မိမိနှင့် ဆက်ဆံဆောင်ရွက်သူအား အလေးထားစိစစ်သည့် KYC (ထက်ပိုမိုကျယ်ပြန့်သော်လည်း) လုပ်ငန်းစဉ်များ အပေါ် အခြေတည်၍ ဆက်လက်တည်ဆောက်သွားနိုင်သည်။ မူဝါဒများနှင့် စီမံခန့်ခွဲရေးစနစ်များအတွင်း RBC ကို မြှုပ်သွင်းဆောင်ရွက်ခြင်းဖြင့် စီးပွားလုပ်ငန်းများက RBC အရေးကိစ္စများအပေါ် ကျရောက်သည့် ဆိုးကျိုးရိုက်ခတ်မှုများကို တားဆီးနိုင်မည်ဖြစ်သည်။ ထိုအပြင်၊ ထိုလုပ်ငန်း၏ မဟာဗျူဟာကို ရှင်းလင်းစွာချပြနိုင်ခြင်း၊ ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ရင်းမြစ်များ ရယူသုံးစွဲနိုင်မှု သေချာအောင်ဆောင်ရွက်ခြင်းနှင့် အထက်မှ ပြတ်သားစွာ ညွှန်ကြားဆောင်ရွက် နိုင်ခြင်း တို့ဖြင့် ထိရောက်သည့် အလေးထားစိစစ်ဆောင်ရွက်မှုကို အထောက်အကူပြုရာ ရောက်သည်။

## အလေးထားစိစစ်ဆောင်ရွက်မှု (အန္တရာယ်အခြေပြုဆောင်ရွက်မှု) သည် အန္တရာယ်နှင့်အချိုးညီသည်။

အလေးထားစိစစ်ဆောင်ရွက်မှုသည် အန္တရာယ်အခြေပြုဆောင်ရွက်မှုဖြစ်သည်။ လုပ်ငန်းတစ်ခုက အလေးထားစိစစ်မှု ဆောင်ရွက်ရန် ချမှတ်သည့်အစီအမံများသည် ဆိုးကျိုးရိုက်ခတ်မှု၏ဆိုးရွားမှု အတိုင်းအတာနှင့် ရိုက်ခတ်နိုင်ခြေအပေါ် အချိုးညီ

သင့်သည်။ ဆိုးကျိုး ရိုက်ခတ်နိုင်ခြေရှိပြီး ဆိုးရွားမှု အဆင့် မြင့်ပါက၊ အလေးထားစိစစ် ရေးကိုလည်း ပို၍ ကျယ်ပြန့်စွာ ဆောင်ရွက်ရမည် ဖြစ်သည်။ အလေးထားစိစစ်ဆောင်ရွက်မှု ကို လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အဂတိလိုက်စားမှု စသည့် **RBC** အရေးကိစ္စများအပေါ် ကျရောက်သည့် ဆိုးကျိုးရိုက်ခတ်မှု၏ သဘောသဘာဝကိုလိုက်၍လည်း ချိန်ညှိနိုင်သင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင်အချို့အန္တရာယ်များအတွက် ချဉ်းကပ်ပုံကို အလိုက်သင့်ချိန်ညှိခြင်း၊ အုပ်စုအမျိုးမျိုးအပေါ် အန္တရာယ်များ၏ မတူသည့်ရိုက်ခတ်မှုများကို ထည့်သွင်း စဉ်းစားခြင်းများ ၊ ဥပမာ- အလေးထားစိစစ်ဆောင်ရွက်မှုကို ကျား-မ ရှုဒေါင့်ဖြင့် ကျင့်သုံးခြင်းများ ပါဝင်သည်။

### အလေးထားစိစစ်ဆောင်ရွက်မှုတွင် ဦးစားပေးရပ်သတ်မှတ်မှုများ ပါဝင်နိုင်သည် (အန္တရာယ်အခြေပြု)

ဖော်ထုတ်သိရှိပြီး ရိုက်ခတ်မှုများကို တပြိုင်တည်း ကိုင်တွယ်ဖြေရှင်းရန် မဖြစ်နိုင်သည့်အခါတွင်၊ စီးပွားရေးလုပ်ငန်းတစ်ခုသည် ဆိုးကျိုးရိုက်ခတ်မှုဖြစ်နိုင်ခြေနှင့် ဆိုးရွားမှုအပေါ်မူတည်ပြီး ဦးစားပေးရပ်သတ်မှတ်သင့်သည်။ အကြီးမားဆုံးရိုက်ခတ်မှု များကို ဖော်ထုတ်ကိုင်တွယ်ပြီးနောက်၊ ထိုစီးပွားရေးလုပ်ငန်းသည် ထိုမှ ျလောက်မကြီးမားသည့် ရိုက်ခတ်မှုများကို ဆက်လက် ကိုင်တွယ်သင့်သည်။ စီးပွားလုပ်ငန်းကြောင့် RBC အရေးကိစ္စများအပေါ် ဆိုးကျိုးရိုက်ခတ်မှုကို ဖြစ်ပွားစေသည့်၊ သို့မဟုတ် ဖြစ်ပွားမှုကို ပံ့ပိုးစေသည် ဆိုပါက၊ ထိုရိုက်ခတ်မှုကို ဖြစ်ပွားစေသော သို့မဟုတ် ဖြစ်ပွားမှုကို ပံ့ပိုးသော ဆောင်ရွက်မှုများကို ရပ်တန့်ပြီး ကုစားပေးခြင်း သို့မဟုတ် ကုစားရေး တွင် ပူးပေါင်း ပါဝင်ခြင်းများလုပ်ဆောင်သင့်သည်။ ဦးစားပေးရပ်သတ်မှတ်သည့်လုပ်ငန်းစဉ်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ အချို့အခြေအနေများတွင် ဆိုးကျိုးအသစ်များ ပေါ်ထွက်လာတတ်သည်ဖြစ်ရာ ထိုရိုက်ခတ်မှုများကို အခြားဆိုးကျိုး နည်းသည့် ရိုက်ခတ်မှုများဆီ ဆက်လက် မကိုင်တွယ်မီ၊ ဦးစားပေးဆောင်ရွက်သင့်သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အန္တရာယ်များကို ဦးစားပေးရာတွင်၊ ဆိုးကျိုးရိုက်ခတ်နိုင်ဖွယ်ရှိသည့် ဆိုးရွားမှုအခြေအနေသည် ကိုင်တွယ်ရန် နှောင့်နှေးပါက ရိုက်ခတ်မှုကို ပြန်လည်ကုစားတည့်မတ်ခြင်း မပြုနိုင်မည့် အခြေအနေဖြစ်သည်ဆိုလျှင်၊ ထိုအချက်မှာ ဦးစားပေးတုံ့ပြန်ရန် အဓိက ကျသော အကြောင်းတရားပင်ဖြစ်သည်။

### အလေးထားစိစစ်ဆောင်ရွက်မှုလုပ်ငန်းစဉ်သည် အမြဲပြောင်းလဲဖြစ်ပေါ်နေသည်။

အလေးထားစိစစ်ဆောင်ရွက်မှု လုပ်ငန်းစဉ်သည် ပုံစံတစ်ခုတည်းတွင် ရပ်တန့်နေခြင်း မရှိ၊ အစဉ်မပြတ် ဆောင်ရွက်ရသည် ဖြစ်ပြီး၊ အခြေအနေကို လိုက်၍ တုံ့ပြန်ပြောင်းလဲလျက်ရှိသည်။ မည်သည့်ဆောင်ရွက်ချက်က အလုပ်ဖြစ်သည် မည်သည်က အလုပ်မဖြစ် စသည့်တုံ့ပြန်ချက်များတောင်းဆိုပေးပို့မှုများလည်းပါဝင်သဖြင့် စီးပွားလုပ်ငန်းအနေနှင့် သင်ခန်းစာ ယူနိုင်မည် ဖြစ်သည်။ စီးပွားလုပ်ငန်းများသည် ဆိုးကျိုးရိုက်ခတ်မှုများကို ရှောင်ရှားနိုင်ရန်နှင့် ဖြစ်လာပါက ဖြေရှင်းနိုင်ရန်အတွက် ၎င်းတို့၏ စနစ်များ လုပ်ငန်းစဉ်များကို တောက်လျှောက် တိုးတက်ကောင်းမွန်စေရန် ရည်မှန်းလုပ်ဆောင်သင့်သည်။ အခြေအနေများ ပြောင်းလဲဖြစ်ပေါ်သည့် အလျောက် (ဥပမာ- နိုင်ငံတစ်ခု၏ စည်းမျဉ်းစည်းကမ်းမူဘောင် အပြောင်းအလဲများ၊ လုပ်ငန်းကဏ္ဍ အတွင်း ပေါ်ပေါက် လာသည့် အန္တရာယ်များ၊ ထုတ်ကုန်ပစ္စည်းအသစ်အဆန်းများ သို့မဟုတ် စီးပွားဆက်ဆံမှု အသစ်များ စသည့်တို့မှ ) အန္တရာယ် အဆင့် အနေအထား ပြောင်းလဲနိုင်ဖွယ်များကို၊ စီးပွားလုပ်ငန်းသည် ၎င်း၏ အလေးထား စိစစ် ဆောင်ရွက်ရေးလုပ်ငန်းစဉ်ဖြင့် လိုလောက်စွာ တုံ့ပြန်နိုင်သင့်သည်။

## အလေးထားစိစစ်ဆောင်ရွက်မှုသည် တာဝန်ဝတ္တရားများကို ရှောင်လွှဲခြင်းမရှိ

စီးပွားဆက်ဆံဆောင်ရွက်သည့်လုပ်ငန်းတစ်ခု (business relationship) အတွင်းရှိ စီးပွားလုပ်ငန်းတိုင်းသည် ဆိုးကျိုးရိုက်ခတ်မှုများ ဖော်ထုတ် ဖြေရှင်းရန် တာဝန်ကိုယ်စီရှိကြသည်။ နိုင်ငံပေါင်းစုံလုပ်ငန်းကြီးများအတွက် အိုအီးစီဒီ လမ်းညွှန်ချက်များ၏ အလေးထားစိစစ်ရေး အကြံပြုချက်များသည်၊ အစိုးရများက စီးပွားလုပ်ငန်းများအားသော်လည်းကောင်း၊ ဆိုးကျိုးရိုက်ခတ်မှု များ ဖြစ်ပွားစေသည့် သို့မဟုတ် ဖြစ်ပွားမှုကို ပံ့ပိုးသည့် စီးပွားလုပ်ငန်းများက ၎င်းတို့၏ စီးပွားဆက်ဆံဆောင်ရွက်မှုမှတဆင့် ဆိုးကျိုးရိုက်ခတ်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်လျက်ရှိသည့် စီးပွားလုပ်ငန်းများအား သော်လည်းကောင်း တာဝန်လွှဲပေး သည့် အကြံပြုချက်များ မဟုတ်ပါ။ ဆိုးကျိုးရိုက်ခတ်မှုများအား ကိုင်တွယ်ဖြေရှင်းရန် စီးပွားလုပ်ငန်း တိုင်းတွင် တာဝန်ကိုယ်စီရှိသည် ဟု အကြံပြုထားပါသည်။ ရိုက်ခတ်မှုများသည် အခြားစီးပွားလုပ်ငန်းတစ်ခု၏ လည်ပတ်မှု၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ နှင့် တိုက်ရိုက် ဆက်နွှယ်ပတ်သက်ပါက၊ မိမိလုပ်ငန်းသည် မိမိလုပ်ငန်းတစ်ခုတည်းဖြင့် ဖြစ်စေ၊ အခြားလုပ်ငန်းများနှင့်ပူးပေါင်း ၍ ဖြစ်စေ တတ်နိုင်သမျှ မိမိ၏ ဩဇာအရှိန်အဝါသုံး၍ ပြောင်းလဲရန် ကြိုးပမ်းသင့်သည်။

## အလေးထားစိစစ်ဆောင်ရွက်မှု ဆိုသည်မှာ နိုင်ငံတကာ က အသိအမှတ်ပြုထားသည့် RBC နှင့် ဆက်စပ်သည်။

နိုင်ငံပေါင်းစုံလုပ်ငန်းများအတွက် အိုအီးစီဒီ လမ်းညွှန်ချက်များသည် အကျုံးဝင်သည့် ဥပဒေများနှင့်တကွ နိုင်ငံတကာက လက်ခံ အသိအမှတ်ပြုသည့် စံနှုန်းများနှင့် အညီ၊ တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ် (RBC) အတွက် အခြေခံစည်းမျဉ်းများ စံနှုန်းများ ချမှတ်ပေးသည်။ ထိုစံနှုန်းများ၌ စီးပွားလုပ်ငန်းများ လုပ်ကိုင်လည်ပတ်သည့်/သို့မဟုတ် အခြေတည်သည့် နိုင်ငံအသီးသီးရှိ ပြည်တွင်းဥပဒေများကို လိုက်နာကျင့်သုံးခြင်းသည် စီးပွားလုပ်ငန်းများ၏ ကနဦး တာဝန်ဖြစ်သည် ဟု ဖော်ပြပါရှိသည်။ အလေးထားစိစစ်ဆောင်ရွက်ခြင်းဖြင့် စီးပွားလုပ်ငန်းများက နိုင်ငံပေါင်းစုံလုပ်ငန်းများအတွက် အိုအီးစီဒီ လမ်းညွှန်ချက်များ နှင့်သက်ဆိုင်သည့်၎င်းတို့၏ ဥပဒေရေးရာတာဝန်များကို လိုက်နာကျင့်သုံးရန် အထောက်အကူပြုနိုင်သည်။ နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် အိုအီးစီဒီ လမ်းညွှန်ချက်များ၏ အခြေခံစည်းမျဉ်းများ စံနှုန်းများနှင့် မကိုက်ညီသည့် ပြည်တွင်း ဥပဒေ စည်းမျဉ်းရှိသည့် နိုင်ငံများတွင်၊ မိမိပြည်တွင်းဥပဒေများကို ချိုးဖောက်ရာ မကျဘဲ နိုင်ငံပေါင်းစုံလုပ်ငန်းများ အတွက် အိုအီးစီဒီ လမ်းညွှန်ချက်များကို အတတ်နိုင်ဆုံး လေးစားလိုက်နာရန် အလေးထားစိစစ်ဆောင်ရွက်မှုဖြင့် အထောက်အကူပြုသည်။ ပြည်တွင်းဥပဒေအရလည်း RBC အရေးကိစ္စအချို့ (ဥပမာ- ပြည်ပ လာဘ်ပေး လာဘ်ယူမှု၊ ခေတ်သစ် ကျေးကျွန်ပြုမှု သို့မဟုတ် ပဋိပက္ခဖြစ်ပွားသည့်နယ်မြေများ နှင့် အန္တရာယ်အဆင့်မြင့် နယ်မြေများရှိ ဓာတ်သတ္တုများ) နှင့် စပ်လျဉ်း၍ စီးပွားလုပ်ငန်းများက အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များ ပါရှိနိုင်သည်။

## အလေးထားစိစစ်မှုကို စီးပွားလုပ်ငန်းတစ်ခု၏ အခြေအနေနှင့် သင့်လျော်ကိုက်ညီစွာဆောင်ရွက်သည်။

အလေးထားစိစစ်ဆောင်ရွက်မှု ၏ သဘောသဘာဝနှင့် အတိုင်းအတာတို့ကို စီးပွားလုပ်ငန်း၏ အရွယ်အစား၊ ၎င်းလုပ်ငန်း လည်ပတ်မှုနှင့် ဆက်စပ်သည့်အကြောင်းတရားများ၊ လုပ်ငန်းလည်ပတ်သည့်ပုံစံ၊ ကုန်ထုတ်လုပ်ဖြန့်ချိမှုကွင်းဆက်လုပ်ငန်းများ အတွင်း ၎င်း၏ အနေအထား၊ ၎င်း ၏ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများ၏ သဘောသဘာဝများစသည့် အကြောင်းများက

သက်ရောက်မှု ပြုနိုင်သည်။ အန္တရာယ်များကို ပိုမိုထိရောက်စွာ ဖော်ထုတ် စီမံခန့်ခွဲနိုင်ရန်အတွက် ထုတ်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ပေးဆောင်သည့် နည်းအကျဉ်းဖြင့်သာ လည်ပတ်လုပ်ဆောင်သည့် လုပ်ငန်းအသေးစားများထက်၊ ချဲ့ထွင်ဆောင်ရွက်သည့် လုပ်ငန်း လည်ပတ်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ပေးဆောင်သည့် လုပ်ငန်းကြီးများတွင် ပိုမိုကျယ်ပြန့်ပြီး စည်းမျဉ်း စည်းကမ်း တရားဝင်ချမှတ်သည့် စနစ်များ ချမှတ်ထားရန်လိုနိုင်သည်။

**အလေးထားစိစစ်ဆောင်ရွက်မှုဖြင့် ဆက်ဆံဆောင်ရွက်ရသည့် စီးပွားလုပ်ငန်းများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ဖြစ်ပေါ်သည့် အကန့်အသတ်များကို ဖြေရှင်းပေးနိုင်ရန် ချိန်ညှိဆောင်ရွက်နိုင်သည်။**

စီးပွားလုပ်ငန်းများသည် RBC အရေးကိစ္စများနှင့် စပ်လျဉ်းသည့် ဆိုးကျိုး ရိုက်ခတ်မှုများ ရပ်တန့်ရန်၊ တားဆီးကာကွယ်ရန် သို့မဟုတ် လျှော့ချရန်အတွက် မိမိနှင့်စီးပွားဆက်ဆံရသည့် လုပ်ငန်းများကို ဩဇာအရှိန်အဝါဖြင့် ဆောင်ရွက်ရန် သော်လည်းကောင်း သက်ရောက်မှုပေးရန်သော်လည်းကောင်း၊ လက်တွေ့အပိုင်း၌ရော၊ ဥပဒေအပိုင်း၌ပါ အခက်အခဲ အကန့် အသတ်များ ကြုံတွေ့နိုင်သည်။ အထူးသဖြင့် SME ကဲ့သို့လုပ်ငန်းများအနေနှင့် ၎င်းတို့နှင့် ဆက်ဆံ ဆောင်ရွက်ရသည့် စီးပွားလုပ်ငန်းများအပေါ် ၎င်းတို့ချည်း ဩဇာလွှမ်းမိုးနိုင်မည့် ဈေးကွက်အရှိန်အဝါရှိချင်မှရှိမည်ဖြစ်သည်။ ဤစိန်ခေါ်မှုများကို ကျော်လွှားရန် စာချုပ်စာတမ်းဖြင့် စီစဉ်ဆောင်ရွက်မှုများ၊ စီးပွားဆက်ဆံမှု မစတင်မီကတည်းက ချမှတ်သည့်စည်းကမ်းသတ်မှတ်ချက်များ၊ ယုံကြည်အပ်နှံမှုတစ်ခုကို အသုံးပြု၍ စုပေါင်းမဲဆန္ဒဖြင့်ဆောင်ရွက်နည်းများ လိုင်စင်သို့မဟုတ် franchise နည်းဖြင့် သဘောတူစာချုပ်များ၊ လုပ်ငန်းစုအသင်းအဖွဲ့များ သို့မဟုတ် ကဏ္ဍပေါင်းစုံလှုပ်ရှားမှုများဖြင့်၊ ကြိုးပမ်းနိုင်သည်။

**အလေးထားစိစစ်မှု အကြောင်းကို အကျိုးဆက်စပ်သူများနှင့် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် မျှဝေသည်။**

အကျိုးဆက်စပ်သူများဆိုသည်မှာ စီးပွားလုပ်ငန်းတစ်ခု၏ ဆောင်ရွက်ချက်များကြောင့် ရိုက်ခတ်ခြင်းခံရနိုင်သည့် အကျိုးစီးပွားများ ရှိသော လူပုဂ္ဂိုလ် သို့မဟုတ် အုပ်စုများဖြစ်သည်။ အကျိုးဆက်စပ်သူများနှင့် ထိတွေ့ဆောင်ရွက်ဆိုသည်မှာ နှစ်လမ်းသွား ဆက်သွယ်ဆက်ဆံမှုကိုခေါ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အကျိုးဆက်စပ်သူများ လိုအပ်သည့် သတင်းအချက်အလက်ကို ၎င်းတို့နားလည်နိုင်သည့် ပုံစံ၊ ဖတ်ရှုနိုင်မည့်နည်းလမ်းများဖြင့် ရယူပြီး သိနားလည်မှု အပြည့်ဖြင့် အဆုံးအဖြတ်ပေးနိုင်ရန် အချိန်နှင့် တစ်ပြေးညီ မျှဝေခြင်းများ ပါရှိသည်။ ထိုသို့ အဓိပ္ပါယ်ရှိသော ထိတွေ့ဆောင်ရွက်မှုဖြစ်စေရန်၊ ပါဝင်သည့်အုပ်စုအားလုံးက သဘောရိုးဖြင့် ပါဝင်ဆောင်ရွက်ရန်လိုသည်။ အထူးသဖြင့်၊ စီးပွားလုပ်ငန်းကြောင့် ဆိုးကျိုး ရိုက်ခတ်မှုပေါ်ပေါက်သည့်အခါ သို့မဟုတ်၊ ထိုလုပ်ငန်းမှ ပံ့ပိုးသဖြင့် ဆိုးကျိုးရိုက်ခတ်မှုပေါ်ပေါက်သည့်အခါ၊ ရိုက်ခတ်ခံရသော သို့မဟုတ် ရိုက်ခတ်ခံရခြေရှိသော အကျိုးဆက်စပ်သူများ အခွင့်အရေးပိုင်ရှင်များ (rightsholders) နှင့် ထိတွေ့ဆောင်ရွက် ရန် အရေးကြီးပေလိမ့်မည်။ ဥပမာ- ကိုင်တွယ်ဖြေရှင်းရသည့် ဆိုးကျိုးရိုက်ခတ်မှု၏ သဘောသဘာဝကိုလိုက်၍၊ ကွင်းဆင်း အကဲဖြတ်မှုများကို ပါဝင်လုပ်ဆောင်ခြင်းနှင့် ထိုသို့ အကဲဖြတ်မှု၏ရလဒ်များ ဝေမျှခြင်း၊ အန္တရာယ်လျှော့ချရေးအစီအမံများ ချမှတ်ခြင်း၊ စဉ်ဆက် မပြတ် စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် တိုင်တန်းရေးယန္တရားပုံစံ ရေးဆွဲခြင်းများ ပါဝင်နိုင်သည်။

**အလေးထားစိစစ်ဆောင်ရွက်မှုတွင် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်မှုများ ပါရှိသည်။**

အလေးထားစိစစ်မှုလုပ်ငန်းစဉ်အပေါ် သတင်းအချက်အလက်များ တွေ့ရှိချက်များနှင့် အစီအစဉ်များ ဆက်သွယ်ပြောဆိုခြင်းသည် အလေးထားစိစစ်မှုလုပ်ငန်းစဉ်၏ ပင်ကိုယ်အစိတ်အပိုင်းများဖြစ်သည်။ ထိုသို့ဖြင့် စီးပွားလုပ်ငန်းက ၎င်း၏ ဆောင်ရွက်ချက်များနှင့် အဆုံးအဖြတ်ပေးချက်များအပေါ် ယုံကြည်မှု ရှိစေရန် လုပ်ဆောင်နိုင်မည်ဖြစ်ပြီး၊ သဘောရိုးဖြင့် လုပ်ဆောင်ကြောင်းပြသ နိုင်မည်ဖြစ်သည်။ စီးပွားလုပ်ငန်းသည် အမှန်တကယ်ဖြစ်ပွားလျက်ရှိသော ဖြစ်ပွားနိုင်ခြေရှိသော ဆိုးကျိုးရိုက်ခတ်မှုများ ဖော်ထုတ် ဖြေရှင်းမှုများကို တာဝန်ယူသင့်ပြီး ထိုအတိုင်း ဆက်သွယ်အကြောင်းကြားသင့်သည်။ မိမိပေးပို့သည့် အချက်အလက်များသည် ရည်ရွယ် သူများထံသို့ (ဥပမာ- အကျိုးဆက်စပ်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စားသုံးသူများ စသည်တို့) အလှမ်းမီရောက်ရှိစေသင့်သည့် အပြင်၊ ရိုက်ခတ်မှုများကို ဖြေရှင်းတုံ့ပြန်မှု လုံလောက်မှု ရှိကြောင်း ပြသနိုင်သည့် အချက်အလက်များ ဖြစ်သင့်သည်။ ထိုသို့ ဆက်သွယ်အကြောင်းကြားခြင်းကို စီးပွားရေး ဆိုင်ရာ လျှို့ဝှက်လုံခြုံမှု၊ အခြား ယှဉ်ပြိုင်မှု သို့မဟုတ် လုံခြုံမှုဆိုင်ရာ ကိစ္စများကို ရှေးရှုကာဆောင်ရွက်သင့်သည်။ ဗျူဟာအသီးသီး အသုံးပြုလျှင် ဆက်သွယ် အကြောင်းကြားရေး အတတ်နိုင်ဆုံးလုပ်ဆောင်နိုင်မည်ဖြစ်သည့်အပြင် တစ်ချိန်တည်းတွင် လျှို့ဝှက်လုံခြုံ စိုးရိမ်မှုများကိုလည်း လေးစားလိုက်နာရာ ရောက်သည်။